# အကြိမ် (၃၀) မြောက်သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

**“နှိမ့်ချသောသူ၏ ဆုတောင်းပတ္ထနာသည် မိုးတိမ်များကို ဖောက်ထွင်းသွားလိမ့်မည်။”**

***ဆီရပ်၏ ဩဝါဒကျမ်း - ၃၅၊၁၅ခ မှ ၁၇ နှင့် ၂၀ မှ ၂၂။***

ဘုရားသခင်သည် တရားသူကြီးဖြစ်တော်မူ၏။ ကိုယ်တော်၌မျက်နှာလိုက်ခြင်းအလျဉ်းမရှိ။ ကိုယ်တော် သည်ဆင်းရဲသောသူ၏ အမှု၌မျက်နှာလိုက်ခြင်းမရှိ ကိုယ်တော်သည် မတရားခံရသူ၏ဆုတောင်းပတ္ထနာကို နားညောင်းတော်မူ၏။ ကိုယ်တော်သည် မိဘမဲ့သောသူတို့၏ ဆုတောင်းခြင်းကိုပစ်ပယ်လိမ့်မည်မဟုတ်၊ ငြီးတွား ခြင်းဖြင့်တောင်းဆိုခဲ့လျှင် မုဆိုးမကိုလည်း စွန့်ပစ်မည်မဟုတ်၊ ဘုရားသခင်အားကိုးကွယ်သောသူကို ကိုယ်တော် သည်နှစ်သက်လက်ခံလိမ့်မည်။ သူ၏ဆုတောင်းပတ္ထနာသည်လည်း မိုးတိမ်များထိအောင်ရောက်လိမ့်မည်။ နှိမ့်ချသောသူ၏ ဆုတောင်းသံသည် မိုးတိမ်များကိုထိုးဖောက်လိမ့်မည်။ ထိုဆုတောင်းပတ္ထနာသည် သခင်ဘုရားထံ တော်သို့မရောက်မချင်းစိတ်ချမ်းသာမှုရမည်မဟုတ်။ ဖြောင့်မတ်သောတရားသူကြီးသည် တရားစီရင်၍အမြင့်ဆုံး သောသူသည်လက်ခံသည့်တိုင်အောင် မထွက်ခွာဘဲရှိလိမ့်မည်။ သခင်ဘုရားသည် ကြန့်ကြာလိမ့်မည်မဟုတ်။ အနန္တတန်ခိုးတော်ရှင်သည် ကြမ်းကြုတ် ရက်စက်သောသူတို့ကို ဒဏ်ခပ်တော်မူသည်တိုင်အောင် သူတို့အပေါ်၌ စိတ်ရှည်တော်မူမည်မဟုတ်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်း ကျေးခြင်း။**

**ဆာလံ - ၃၃**

သံပြိုင်။ ။ဆင်းရဲသောသူသည်တောင်းလျှောက်သောအခါ သခင်ဘုရားသည်သူ့ကိုနားညောင်းတော်မူ၏။

☐ သခင်ဘုရားကို ချီးမွမ်းသံသည် ကျွန်ုပ်၏နှုတ်၌ အစဉ်ရှိ၍အချိန်ကာလမရွေးကိုယ်တော်အား ကောင်းချီး ဩဘာပေးပါမည်။ ကျွန်ုပ်၏ဝိညာဉ်သည် သခင်ဘုရား၌ဂုဏ်ယူပါမည်။ နူးညံ့သိမ်မွေ့သောသူတို့သည် ကြားသိရ၍ဝမ်းမြောက်ကြပါစေသော်။ (သံပြိုင်)

☐ မကောင်းဒုစရိုက်ပြုကျင့်သောသူတို့မူကား မြေကြီးပေါ်မှသူတို့၏နာမည်ကို ပျောက်ကွယ်သွား စေလိုသော မျက်နှာတော်ကိုပြတော်မူ၏။သူတို့သည်တောင်းလျှောက်ကြသောအခါ သခင်ဘုရား သည် နားညောင်းတော်မူ ၍သူတို့၏ဒုက္ခဆင်းရဲအပေါင်းတို့မှ သူတို့ကိုလွတ်မြောက်စေ တော်မူ သည်။ (သံပြိုင်)

☐ သခင်ဘုရားသည် စိတ်နှလုံးကြေကွဲသောသူတို့၏အနားမှာ ရှိတော်မူ၍ နောင်တရသောသူတို့ကို ကယ်တင်တော်မူလိမ့်မည်။သခင်ဘုရားသည်မိမိကျွန်တို့၏အသက်ဝိညာဉ်များကို ကယ်တင် တော်မူ၍ ကိုယ်တော်၌ယုံကြည်ကိုးစားသောသူတို့သည် အပြစ်ဒဏ်ခံရမည်မဟုတ်။ (သံပြိုင်)

**ဒုတိယကျမ်း။**

**"ယခုမှစ၍ ဖြောင့်မတ်ခြင်းနှင့်ဆိုင်ရာ ဗောင်းသရဖူသည် ကျွန်ုပ်အဖို့ သီးသန့်ထားလျက်ရှိသည်။"**

***မွန်မြတ်သောတပည့်တော်ကြီး သံပေါလူး။ တိမောတေထံရေးသောစာ၊ ဒုတိယစောင်။ (၄၊ ၆ မှ ၈ နှင့် ၁၆မှ၁၈ထိ)***

ချစ်သား၊

ကျွန်ုပ်ကိုယ်ကို ပူဇော်ရမည့်အချိန်ရောက်ပြီဖြစ်၍ အနိစ္စရောက်ရမည့်အချိန်နီးပြီ။ ကျွန်ုပ်သည် ကြိုးစားအား ထုတ်၍ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ပြီး၊ ပြေးရသောလမ်းကို အဆုံးရောက်အောင်ပြေးခဲ့ပြီ။ ယုံကြည်ခြင်းကိုစောင့်ရှောက် ထိန်းသိမ်းခဲ့ပြီ။ ယခုမှစ၍ဖြောင့်မတ်ခြင်းနှင့်ဆိုင်ရာဗောင်းသရဖူသည် ကျွန်ုပ်အဖို့သီးသန့်ထားလျက်ရှိသည်။ ထိုဗောင်းသရဖူကို ဖြောင့်မတ်သောတရားသူကြီးဖြစ်တော်မူသော သခင်ဘုရားသည် ထိုနေ့၌ကျွန်ုပ်အားပေးသနား တော်မူလိမ့်မည်။ ကျွန်ုပ်တစ်ဦးတည်းသာမဟုတ်၊ ကိုယ်တော်၏ကြွလာတော်မူခြင်းကို မျှော်လင့်တောင့်တနေကြ သောသူတို့အားလည်း ပေးတော်မူလိမ့်မည်။ သင်သည်ကျွန်ုပ်ထံသို့ အမြန်လာဖြစ်အောင်ကြိုးစားပါလော့။ ကျွန်ုပ် အမှုကိုပထမအကြိမ်ကိုယ်တိုင်ခုခံခဲ့သောအခါ၊ ကျွန်ုပ်ဘက်၌ရပ်တည်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့။ အားလုံး ကျွန်ုပ်ကိုစွန့်ပစ်သွားခဲ့ကြသည်။ ထိုသို့ပြုခြင်းကြောင့် သူတို့အပြစ်မတင်ခံရပါစေနှင့်။ သခင်ဘုရားမူကား၊ ကျွန်ုပ် အားဖြင့်ဒေသနာတော် ဟောပြောခြင်းကို ပြီးမြောက်စေ၍ လူမျိုးအပေါင်းတို့သည် ကြားသိနားလည်ကြစေခြင်းငှာ၊ ကျွန်ုပ်ဖက်၌ရပ်တည်တော်မူ၍ ကျွန်ုပ်အား ခွန်အားတန်ခိုးကိုပေးတော်မူသဖြင့် ကျွန်ုပ်သည်ခြင်္သေ့၏ ခံတွင်းမှလွတ်မြောက်ခဲ့ရသည်။ သခင်ဘုရား သည်ကျွန်ုပ်အားမကောင်းဟူသမျှမှလွတ်မြောက်စေတော်မူ၍ ကောင်းကင်နိုင်ငံတော်သို့ ရောက်သည့်တိုင်အောင် ကယ်တင်တော်မူလိမ့်မည်။ ကိုယ်တော်အား ကာလအဆက်ဆက် ဘုန်းတော်ရှိစေသော်။ အာမင်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**အာလေလူယား။ (ဒုတိယကော်ရင်သီ -၅၊ ၁၉)**

အာလေလူယား။ ။ခရစ္စတူးသခင်၌ရှိတော်မူသောဘုရားသခင်သည် ဤလောကကိုမိမိနှင့်ရန်ငြိမ်းစေ တော်မူသည်။ထိုရန်ငြိမ်းခြင်းနှင့်ဆိုင်ရာ တရားတော်ကိုလည်း ကျွန်ုပ်တို့အား အပ်နှင်းတော်မူသည်။ အာလေလူယား။

**ဇဝံဂေလိကျမ်း။**

## "အခွန်ခံသူသည် သန့်ရှင်းဖြောင့်မတ်ခြင်းနှင့် ဖါရိရှေဦးထံမှ မိမိအိမ်သို့ဆင်းသွားလေ၏။"

***သံလူကား ရေးထားသောသန့်ရှင်းသော ဇဝံဂေလိကျမ်း။ (၁၈၊၉မှ၁၄ထိ)***

ထိုကာလ၌ သခင်ယေဇူးသည်ကိုယ့်ကိုယ်ကို ဖြောင့်မတ်သောသူဟူ၍ ထင်မှတ်လျက်၊ သူတစ်ပါးကိုမထီမဲ့ မြင်ပြုသောအချို့သောသူတို့အား ဤဥပမာကိုဆိုတော်မူ၏။ လူနှစ်ယောက်တို့သည် ဆုတောင်းအံ့သာငှာ၊ ဗိမာန် တော်ထဲသို့တက်ကြ၏။ တစ်ဦးသည်ဖါရိရှေဦး၊ တစ်ဦးကအခွန်ခံဖြစ်၏။ ဖာရိရှေဦးသည် မတ်တပ်ရပ်လျက် မိမိစိတ်ထဲ၌ဤသို့ဆုတောင်း၏။ အိုဘုရားသခင် သူတစ်ပါးတို့သည် လုယက်သောသူ၊ မတရားသောသူ၊ သူ့မယားကိုပစ်မှားသောသူ၊ ဤအခွန်ခံသူပင်ကဲ့သို့လည်း ကျွန်ုပ်သည်မဟုတ်ပါသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ ဥပုသ်တစ်ပတ်၌ နှစ်ကြိမ်ဝါရှောင်ပါ၏။ ကျွန်ုပ်ပိုင်သမျှကိုဆယ်ဖို့တစ်ဖို့ပေးပါ၏။ အခွန်ခံသူ မူကား၊ အဝေးကနေလျက် ကောင်းကင်သို့မမျှော်မကြည့်ဝံ့ဘဲ ရင်ဘတ်ကိုခတ်၍ အိုဘုရားသခင်၊ ကျွန်ုပ်အပြစ်ရှိသောသူကို သနားတော်မူပါဟုဆို၏။ သင်တို့အားငါဆိုသည်ကားဤသူသည် သန့်ရှင်းဖြောင့်မတ် ခြင်းနှင့် မိမိအိမ်သို့ဆင်းသွားလေ၏။ ထိုသူကားမဟုတ်၊ အကြောင်းမူကား မိမိကိုယ်ကိုချီးမြှင့်သောသူဟူသမျှသည် နှိမ့်ချခြင်း ခံရလိမ့်မည်။ မိမိကိုယ်ကိုနှိမ့်ချသောသူသည်ကား ချီးမြှင့်ခြင်းကိုခံရလိမ့်မည်ဟု မိန့်တော်မူ၏။ *ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*